# လူ့အဘောင်သစ်ဒီမိုကရက်တစ်ပါတီ

## Democratic Party For A New Society (DPNS)

## ပါတီစည်းရုံးရေးစာစဉ်

အတွဲ(၂)၊ အမှတ်(၇) ဇူလိုင်၊ ၂၀၂၀



လူ့အဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊ လပွတ္တာမြို့နယ်ရုံး ဖွင့်ပွဲအခမ်းအနား။


လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်သည့် အမြင်သဘောထား - ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော် နှင့် CDES အင်တာဗျူးကောက်နုတ်ချက်များ စာ - ၁၃

ဖတ်စရာ

၂၀၂၀ ရွေးကောက်ပွဲကို ဘယ်လို သဘောထားနှင့် ဖြတ်ကြမလဲ – ဇွန်မိုးင်း စာ – ၃

လေ့လာစရာ

လွှတ်တော်တွင်း တိုက်ပွဲ – စောဝင်း စာ – ၅

သတင်းများ

ဆုံချက်ရှိရှိ တွန်းနိုင်ပါမှ အရွေ့ကိုရောက်မယ် – ကြယ်စင်မြစ် စာ – ၇

ဆောင်းပါးများ

တစ်စုံလုံး နိုင်ငံရေး နဲ့ အစိတ်အပိုင်း နိုင်ငံရေး တင်အေး(၈၈ မျိုးဆက်၊ ဗကသ) စာ – ၉

## စီစဉ်မှု

**တစည်ကော်မတီ**

အမှတ်(၁၂၄)၊စတုတ္ထထပ်၊
(၅၇)လမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊
ပုဇွန်တောင်။

စောင်ရေ – ၁၀၀၀ ရိုက်နှိပ်
ပါတီတွင်း ကန့်သတ်အဖြစ်
အခမဲ့ ဖြန့်ဝေသည်။

## ဖတ်စရာ ၊ လေ့လာစရာ

၂၀၂၀ ရွေးကောက်ပွဲကို ဘယ်လိုသဘောထားနဲ့ ဖြတ်ကြမလဲ — စာ – ၃
လွှတ်တော်တွင်းတိုက်ပွဲ — စာ – ၅
တောင်သူများနှင့်တပ်တို့အကြား မြေယာအငြင်းပွားမှုအား သွားရောက်ဝန်းရံ — စာ – ၆
ဆုံချက်ရှိရှိ တွန်းနိုင်ပါမှ အရွေ့ကို ရောက်မယ် — စာ – ၇
(၅၈) နှစ်မြောက် 7 July အခမ်းအနားသို့ တက်ရောက် — စာ – ၈
(၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားများသို့ တက်ရောက်ဂါရဝပြု — စာ – ၉
ချက် သံအမတ်နှင့် DPNS ဗဟိုကော်မတီ တွေ့ဆုံဆွေးနွေး — စာ – ၁၀
တစ်စုံလုံး နိုင်ငံရေး နဲ့ အစိတ်အပိုင်း နိုင်ငံရေး — စာ – ၁၁
DPNS ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး (၄ / ၂၀၂၀) — စာ – ၁၂
လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ် နှင့် ပတ်သက်သည့် အမြင်သဘောထား — စာ – ၁၃
အလုပ်သမား၊ လယ်သမားသမဂ္ဂများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၂၀၂၀ ရွေးကောက်ပွဲဆိုင်ရာ ဦးဆောင်ကော်မတီဝင် များ နှင့် တွေ့ဆုံဆွေးနွေး — စာ – ၁၆

**ပြောချင်တဲ့အကြောင်း**

# မိမိတို့ တိုင်းပြည်က ရွေးကောက်ပွဲ

၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်မှာ အထွေထွေရွေးကောက်ပွဲ ကျင်းပမယ်လို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) က တရားဝင် ကြေညာထားပါတယ်။

ကိုယ်စားလှယ်လောင်းအမည်စာရင်းတွေ ဇူလိုင်လ ၂၀ ရက်နေ့ကနေ ဩဂုတ်လ ၇ ရက်နေ့အတွင်း တင်သွင်းကြဖို့လည်း ဆော်ဩထားပါပြီ။

တစ်ဘက်က မိမိတို့တိုင်းပြည်ရဲ့ တကယ့်အခြေအနေတွေကို ဆန်းစစ်ကြရဖို့ လိုလိမ့်မယ်လို့ ယူဆတယ်။

တိုင်းပြည်က ပြည်တွင်းစစ်၊ ကပ်ရောဂါ၊ သန်းချီတဲ့ ပြည်ပရောက် ရွှေ့ပြောင်းလုပ်သားတွေ စတဲ့ ပုံမှန်မဟုတ်တဲ့ အနေအထားမှာ ရွေးကောက်ပွဲကို ဖြတ်ကြရမှာဖြစ်တယ်။ တခြားတစ်ဘက်ကိုကြည့်ရင် UEC က ပုံမှန် အခြေအနေမှာ ဥပဒေပြု အပ်နှင်းခံထားရတဲ့ လုပ်ပိုင်ခွင့်တွေအတိုင်းပဲ လုပ်နေတယ်။ ၂၀ ရက်နေ့ ကိုယ်စားလှယ်လောင်းအမည် တင်သွင်းတဲ့အခါ လိုလာမယ့် မဲစာရင်းထုတ်ပြန်မှုက အခု ဇူလိုင် ၁၆ ရက်အထိ မရှိဘူး။ ကပ်ရောဂါဘေးကာကွယ်ရေး ကြေညာချက်တွေ၊ အထွေထွေလူမှုစီးပွားဘဝ ကျပ်တည်းမှု၊ လွန်ခဲ့တဲ့ ၄ နှစ်တာ ကာလအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ငြိမ်းချမ်းရေး စတဲ့ မျှော်လင့်ချက်တွေ မှေးမှိန်ကြရတဲ့ လူထုဘဝ၊ .... ဒါတွေနဲ့ ရွေးကောက်ပွဲကို ဖြတ်ကြရမှာ။ ဒါဆိုရင် မဲပေးခွင့်ရှိသူ စုစုပေါင်းရဲ့ ရာခိုင်နှုန်း ဘယ်လောက်က တကယ်မဲပေးဖြစ်မှာလဲ ... ရင်လေးစရာပါ။ တိုင်းပြည်ရဲ့ ရွေးကောက်ပွဲစနစ်က First Past The Post (FPTP) "နိုင်သူ အကုန်ယူ" ဆိုတဲ့စနစ် မဟုတ်လား။ ဒီလိုအခြေအနေမှာ နိုင်ငံရေးပါတီတွေနဲ့ UEC နဲ့က သေသေချာချာ ညှိနှိုင်း စီမံမှုတွေ လုပ်ဖို့ လိုသလို၊ အုပ်ချုပ်ရေး၊ ကာကွယ်ရေး၊ လူဝင်မှုကြီးကြပ်ရေး၊ နိုင်ငံခြားရေး၊ ကျန်းမာရေး စတဲ့ အစိုးရဌာနများနဲ့ UEC အကြား၊ နောက် လက်နက်ကိုင် တိုင်းရင်းသား တော်လှန်ရေးအင်အားစုများနဲ့ UEC အကြား လိုအပ်တဲ့ ဆက်စပ်ညှိနှိုင်းမှုတွေလုပ်နိုင်ဖို့ ပူးတွဲ ကော်မတီများ ဖွဲ့စည်း ဆောင်ရွက်သင့်တဲ့ အနေအထားလို့ မြင်မိတယ်။

ချုပ်ရရင်တော့ ၂၀၂၀၊ နိုဝင်ဘာ ၈ ရက် အထွေထွေရွေးကောက်ပွဲဟာ ဂုဏ်သိက္ခာရှိတဲ့၊ တရားမျှတတဲ့၊ ဒီမိုကရေစီကို ထင်ဟပ်တဲ့၊ ပြည်သူအများစုကို အမှန်တကယ် ကိုယ်စားပြုတဲ့ ရလဒ်မျိုးကို ဖေါ်ဆောင်ပေးနိုင်ဖို့ သေသေချာချာ လိုအပ်ကြောင်း တင်ပြအပ်ပါတယ်။ ။

[**ရည်ညွှန်း** ပါတီသည် ဒီမိုကရေစီဘောင်အတွင်း တရားမျှတမှုအား အခိုင်အမာတောင်းဆိုပြီး အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစား၊ အမျိုးသားမနေရင်စသော အဖိနှိပ်ခံပြည်သူတို့၏ အခွင့်အရေးများ အပြည့်အဝ ရရှိရေးအတွက် အစွမ်းကုန် ဆောင်ရွက်သွားမည်။ (ပါတီ၏ အခြေခံနိုင်ငံရေး ရပ်တည်မှု မှ)]

# ၂၀၂၀ ရွေးကောက်ပွဲကို ဘယ်လို သဘောထားနှင့် ဖြတ်ကြမလဲ

ဇွန်မှိုင်း

လာမယ့်နိုဝင်ဘာလ ၈ ရက်နေ့ဆိုရင် အထွေထွေ ရွေးကောက်ပွဲကို ကျနော်တို့ ဖြတ်ကြရတော့မယ်။

ဒီရွေးကောက်ပွဲကို မှန်မှန်ကန်ကန်ဖြတ်နိုင်ဖို့ဆိုရင် ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး အရေးကြီးတဲ့ မေးခွန်း ၂ ခုကို ကျနော်တို့ တိကျရှင်းလင်းစွာ စဉ်းစားပိုင်းဖြတ်ထားကြရလိမ့်မယ်လို့ ယူဆပါတယ်။

တစ်ခုက လာမယ့်ရွေးကောက်ပွဲအပေါ် ဘယ်လို သဘောထားမလဲ ဆိုတဲ့မေးခွန်း။

နောက်တစ်ခုက အဲဒီရွေးကောက်ပွဲကို ကျနော်တို့ ဘယ်လို ဖြတ်ကြမလဲ ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။

## ၂၀၂၀ ရွေးကောက်ပွဲအပေါ် ဘယ်လိုသဘောထားမလဲ

ရွေးကောက်ပွဲဆိုတာ ဘာလဲ။ ၂၀၂၀ ရွေးကောက်ပွဲရဲ့နိုင်ငံရေးအခန်းက ဘာလဲ။

ကျနော့်အမြင်၊ ကျနော့်ယုံကြည်မှုကို တင်ပြပါ့မယ်။

သာမန်အားဖြင့်ဆိုရင် ရွေးကောက်ပွဲဆိုတာ မဲဆန္ဒရှင်ပြည်သူလူထုကြီးက သူတို့ယုံကြည်အားထားတဲ့ ပါတီကို ဒါမှမဟုတ် သူတို့ယုံကြည်အားထားတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေကို သူတို့ကိုယ်တိုင်ရွေးချယ်ပြီး တိုင်းပြည်ရဲ့အာဏာ(၃)ရပ်ကို အပ်နှံတာ၊ သူတို့ရဲ့ကံကြမ္မာနဲ့ သူတို့အနာဂတ်အတွက် စီမံခန့်ခွဲခွင့်ကို လွှတ်တော်သက်တမ်း တစ်ခုစာ ပေးအပ်တာ ဖြစ်ပါတယ်။ ရွေးချယ်ပေးလိုက်တဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လုပ်ပိုင်ခွင့်တွေကို အပြည့်အဝသုံးပြီး တိုင်းပြည်နဲ့ ပြည်သူလူထုတွေကို အစွမ်းကုန်အလုပ်အကျွေးပြုကြဖို့ပဲ ဖြစ်ပါတယ်။

ကျနော်တို့နိုင်ငံရဲ့ ရွေးကောက်ပွဲအဓိပ္ပါယ်ကျ ဒီလောက်မရိုးရှင်းတော့ဘူး။

ဘာကြောင့် မရိုးရှင်းတော့တာလဲ။

ပြည်သူလူထုက သူတို့ရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်တွေကို ဘယ်လောက်ပဲ ယုံကြည်ယုံကြည်၊ ဘယ်လောက်ပဲအားထားအားထား အဲဒီကိုယ်စားလှယ်တွေက တိုင်းပြည်ရဲ့အာဏာ(၃)ရပ်ကို ပြည့်ပြည့်ဝဝ အပီအသ ကိုင်တွယ်ဆောင်ရွက်ခွင့် လက်တွေ့မှာ မရရှိကြတဲ့အတွက် ဖြစ်ပါတယ်။ လက်တွေ့ ဆောင်ရွက်ကြတော့မယ်ဆိုတဲ့အခါ ထူးခတ်ခံထားရတဲ့ဆင်တစ်ကောင်လို စိတ်သွားတိုင်းကိုယ် မပါနိုင်အောင်ဖြစ်ကြရတဲ့အတွက် ဖြစ်ပါတယ်။

ခတ်ထားတဲ့ထူးက ဘာတွေ ဖြစ်မလဲ။

ကျနော့်နားလည်မှုအရ အခတ်ခံထားရတဲ့ထူးတွေ အမျိုးမျိုး ရှိပါတယ်။

အဲဒီထူးတွေထဲက အရေးအကြီးဆုံးနဲ့အဓိက အကျဆုံး ထူးနှစ်ချက်က သဏ္ဍာန်အမျိုးမျိုးနဲ့ ရှိနေတဲ့ စစ်အာဏာရှင်စနစ်နဲ့ အဲဒီစစ်အာဏာရှင်စနစ်ကို အကာအကွယ်ပေးထားတဲ့ ၂၀၀၈ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ဖြစ်တယ်လို့ ကျနော် ပြောချင်ပါတယ်။

ဒီထူးနှစ်ချက်နဲ့တင် ကျနော်တို့နိုင်ငံဟာ ဒီမိုကရေစီလမ်းကြောင်းပေါ် ပီပီပြင်ပြင် လျှောက်လှမ်းဖို့၊ ငြိမ်းချမ်းရေးကို ပီပီပြင်ပြင်တည်ဆောက်ဖို့၊ ပြည်သူလူထုအကျိုးစီးပွားကို ထိထိရောက်ရောက် အကူအညီ အကာအကွယ်ပေးဖို့ ဆိုတဲ့ကိစ္စတွေမှာ အကန့်အသတ်တွေ၊ အပိတ်အဆို့တွေ၊ အတားအဆီးတွေ ကြုံဆုံနေကြရတာ ဖြစ်တယ်လို့ ကျနော် သုံးသပ်ပါတယ်။

ဒါကြောင့် ၂၀၂၀ ရွေးကောက်ပွဲရဲ့ နိုင်ငံရေးအခန်းကို ကျနော် ဒီလို ချုပ်ကြည့်ချင်ပါတယ်။

၂၀၂၀ ရွေးကောက်ပွဲဆိုတာ သမားရိုးကျအခြေအနေမှာ လုပ်ရိုးလုပ်စဉ် ကျင်းပရတဲ့ သာမန်ရွေးကောက်ပွဲမျိုး လုံးဝ မဟုတ်ဘူး။ ၂၀၂၀ ရွေးကောက်ပွဲဆိုတာ ထူးပေါင်း

များစွာ အခတ်ခံထားရတဲ့ အခြေအနေအောက်မှာ ကျင်းပကြရတဲ့ ရွေးကောက်ပွဲမျိုး ဖြစ်တယ်။

တပြိုင်နက်တည်းမှာ ၂၀၂၀ ရွေးကောက်ပွဲဆိုတာ အဲဒီအခတ်ခံထားရတဲ့ထူးတွေကို တစမကျန် ဖြည်ထုတ်ဖြုတ်ချပစ်ရေးတိုက်ပွဲစဉ်ကြီးထဲက တိုက်ပွဲအဆင့်တစ်ခု၊ တိုက်ပွဲနည်းနာတစ်ခု ဖြစ်တယ်လို့ နားလည်ယုံကြည်ပါတယ်။

## ၂၀၂၀ ရွေးကောက်ပွဲကို ဘယ်လို ဖြတ်ကြမလဲ

ကျနော်တို့အားလုံးရဲ့ ကနေ့ကာလ အမျိုးသားရေးတာဝန်တွေက ဘာတွေလဲ။

ကျနော့်အမြင်အရ စစ်အာဏာရှင်စနစ်အကုန်အစင်ဖျက်သိမ်းရေး၊ ဒီမိုကရေစီနဲ့ လူ့အခွင့်အရေး အပြည့်အဝရရှိရေး၊ ပြည်တွင်းစစ်ရပ်စဲရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်ရေး၊ အမျိုးသားတန်းတူခွင့်နဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အပြည့်အဝအာမခံတဲ့ ဖက်ဒရယ်ဒီမိုကရက်တစ် ပြည်ထောင်စုကြီးတည်ဆောက်ရေး စတဲ့လုပ်ငန်းတာဝန်တွေ ဖြစ်ပါတယ်။

ကျနော်တို့အားလုံးရဲ့ ကနေ့ကာလ အမျိုးသားရေးတာဝန်တွေနဲ့ ၂၀၂၀ ရွေးကောက်ပွဲရဲ့ နိုင်ငံရေးအခန်းဟာ တဆက်တစပ်တည်း ဖြစ်ပါတယ်။ ဒါကြောင့် ကျနော်တို့အားလုံးဟာ ၂၀၂၀ ရွေးကောက်ပွဲကို ကနေ့ကာလ အမျိုးသားရေးတာဝန်ဆိုင်ရာ တိုက်ပွဲစဉ်ကြီးထဲက တိုက်ပွဲမှတ်တိုင်တစ်ခုအဖြစ် စီစဉ်မှုရှိရှိ ဖြတ်ကြရပါလိမ့်မယ်။

ဘယ်လိုစည်းခြား ဆောင်ရွက်ကြမလဲ။

ဒီမိုကရေစီကို အပီအပြင်တည်ဆောက်ချင်သူတွေကတစ်ဖက်၊ ဒီမိုကရေစီကို ပုံဖျက်ချင်သူတွေကတစ်ဖက်။ ငြိမ်းချမ်းရေးကို အပီအပြင်တည်ဆောက်ချင်သူတွေကတစ်ဖက်၊ ငြိမ်းချမ်းရေးကို ပုံဖျက်ချင်သူတွေကတစ်ဖက်၊ လူထုအကျိုးစီးပွားကို သယ်ဆောင်ထမ်းရွက်ချင်သူများက တစ်ဖက်၊ လူထုဖိနှိပ်ရေးသမားများကတစ်ဖက် စီးချင်း ထိုးနိုင်ရေးကို ပေါ်လစီချပြီး ကြိုးပမ်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဒီလို စီးချင်းထိုးနိုင်ဖို့ဆိုရင် ရည်ရွယ်ချက်တူ၊ အလုပ်တူတဲ့ နိုင်ငံရေးပါတီတွေအားလုံးဟာ ရွေးကောက်ပွဲ အကြိုကာလမှာဖြစ်စေ၊ ရွေးကောက်ပွဲ ဖြတ်နေစဉ်မှာဖြစ်စေ၊ ရွေးကောက်ပွဲအလွန် လွှတ်တော်တွင်းလွှတ်တော်ပ လှုပ်ရှားမှုကာလတွေမှာဖြစ်စေ ခိုင်ခိုင်မြဲမြဲ လက်တွဲထားကြရမှာ ဖြစ်ပါတယ်။

အဲဒီလိုမဟာမိတ်ဆိုင်ရာအခြေခံမူတစ်ရပ်ကို ဆုပ်ဆုပ်ကိုင်ကိုင်မရှိဘဲ ကိုယ့်သဘောကိုယ်ဆောင်ပြီး ကိုယ့်မြင်းကိုယ်စိုင်းကြမယ်ဆိုရင်တော့ လမ်းစတွေပျောက်ပြီး အခန့်မသင့်ရင် ကိုယ့်တပ်ကို ကိုယ်ပြန်နင်းမိသလို ဖြစ်သွားနိုင်ပါတယ်။ ရွေးကောက်ပွဲအကြိုကာလဖြစ်တဲ့ အခုလိုကာလတွေမှာ တူညီနိုင်သူများကြား ညှိတာနှိုင်းတာ၊ အားဖြစ်အောင်၊ တသားတည်းဖြစ်အောင် တိုင်ပင်တာဆွေးနွေးတာ စတဲ့ ကိုယ့်တပ်ကို ပြင်ဆင်တဲ့လုပ်ငန်းတွေ သေချာပေါက် လုပ်နေကြရမှာ ဖြစ်ပါတယ်။

ဘယ်သူနဲ့မှ တိုင်ပင်စရာမလိုဘူး။ ဆွေးနွေး ညှိနှိုင်းစရာမလိုဘူး။ ဆွေးနွေးတာညှိနှိုင်းတာ လုံးဝ မလုပ်ဘူး။ ကိုယ့်ပါတီက အင်အားရှိတယ်။ တစ်ပါတီတည်း ရပ်နိုင်တယ်။ ရပ်လည်းရပ်သွားမယ်ဆိုတဲ့ စဉ်းစားချက်မျိုး ပါတီကြီးအချို့ မှာ ရှိကောင်းရှိနိုင်ပါတယ်။ ရှိတယ်ဆိုရင် အဲဒီလိုစဉ်းစားတွေးခေါ်မှုဟာ နိုင်ငံရေးနည်းမှု၊ အမြော်အမြင်နည်းမှု၊ နိုင်ငံရေးစိတ်ကြီးဝင်မှု ဖြစ်တယ်လို့ ကျနော် ကောက်ချက်ပြုချင်တယ်။

နှိုင်းယှဉ်ချက်အရ အင်အားတစုံတရာနည်းတဲ့ နိုင်ငံရေးပါတီတွေက ညှိနှိုင်းဆောင်ရွက်ရေးကို တောင်းဆိုလာတဲ့အခါမျိုးမှာတောင် "ငါတို့ရမယ့်နေရာတွေကို ခွဲတမ်းလာတောင်းနေတယ်" လို့ အထင်ရောက်ပြီး ဆွေးနွေးညှိနှိုင်းမှု ပျက်ကွက်ပြီဆိုရင်တော့ အဲဒီ ငြင်းပယ်လိုက်တဲ့ပါတီကြီးဟာ ဘဝင်လေဟတ်ရောဂါစွဲကပ်တဲ့အဆင့်၊ နိုင်ငံရေးနလပိန်းတုံးကျတဲ့အဆင့်ထိ မှောက်မှားသွားတာ ဖြစ်တယ်လို့ ကျနော် ပြောချင်တယ်။

အဲဒီမှောက်မှားမှုတွေကြောင့် မဲတွေကွဲပြီး တစ်ဖက်ပြိုင်ဘက်က အနိုင်ရသွားတဲ့ အဖြစ်ဆိုးမျိုးထိ ဖြစ်ကြပြီ ဆိုရင်တော့ ပါတီကြီးဝါဒကျင့်သုံးပြီး ငါတကောကောခဲ့တဲ့ ပါတီကြီးက ဒီကိစ္စအတွက် တာဝန်အရှိဆုံး ဖြစ်လိမ့်မယ်လို့ ထောက်ပြချင်ပါတယ်။

၂၀၂၀ လွှတ်တော်ကို လူမျိုးစုံပြည်သူလူထုတစ်ရပ်လုံးရဲ့ လွှတ်တော်စစ်စစ် ဖြစ်အောင်၊ ရွေးကောက်ပွဲပြီးလို့ အစိုးရဖွဲ့ကြတဲ့အခါ လူမျိုးစုံပြည်သူလူထုတစ်ရပ်လုံးရဲ့ အစိုးရစစ်စစ်ဖြစ်အောင် အမြော်အမြင်ကြီးကြီး သတိကြီးကြီးနဲ့ ၂၀၂၀ ရွေးကောက်ပွဲကို စီးချင်းထိုးတိုက်ပွဲစိတ်ဓါတ်ဖြင့် ဖြတ်သန်းသွားကြဖို့ တူညီနိုင်သောနိုင်ငံရေးပါတီများကို အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါတယ်။ ။

**ဖွန်မိုင်း**

၂၀၊ ၇၊ ၂၀၂၀

# လွှတ်တော်တွင်း တိုက်ပွဲ

**စောဝင်း**

ပါတီသည် ဒီမိုကရေစီဘောင်အတွင်း တရားမျှတမှုအား အခိုင်အမာတောင်းဆိုပြီး အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစား၊ အမျိုးသားခနေရှင်စသော အဖိနှိပ်ခံ ပြည်သူတို့၏ အခွင့်အရေးများ အပြည့်အဝရရှိရေးအတွက် အစွမ်းကုန်ဆောင်ရွက်သွားမည်။

ဒါကကျနော်တို့ပါတီရဲ့ အထွေထွေနိုင်ငံရေးသဘောထားကို ဖော်ပြရာမှာ ပါတီရဲ့အခြေခံနိုင်ငံရေး ရပ်တည်မှု အပိုဒ် (၈) ထဲက ဝါကျတစ်ကြောင်းပါ။ အဲ့ဒီဝါကျရဲ့ အထက်နားမှာလည်း ကျနော်တို့ရဲ့ လူမှုရေးလက်တွေ့ကို သော့ချက်ကျတဲ့ အဖြေရှာမှုအဖြစ် ဆုပ်ကိုင်သွားမယ်လို့ ဖော်ပြထားပါသေးတယ်။

အသက်ရှင်ဘဝရဲ့ လူမှုရေးလက်တွေ့ဟာ တိုက်ပွဲပါ။ သဘာဝဝန်းကျင်ရဲ့ ရိုက်ခတ်မှုတွေ၊ သိပ္ပံနည်းပညာ တိုးချဲ့ရေးတွေ၊ ဖိနှိပ်ခွဲခြားမှုတွေ၊ စားဝတ်နေဘဝရဲ့ စိန်ခေါ်မှုတွေ .... အစရှိသဖြင့် စက္ကန့်နဲ့အမျှ လူမှုဘဝရဲ့ မျက်နှာစာတိုင်းမှာလူသားဟာ မိမိကိုယ်တိုင် အသက်ရှင်ရေးနဲ့ မိမိ အမျိုးအစားအနေနဲ့ ရေရှည်အသက်ရှည်ရေးအတွက် တိုက်ပွဲ ဆင်နေကြရတာ ဖြစ်တယ်။

လက်နက်ကိုင်ပြီး စစ်မက်ဖက်ပြိုင်ကြမှ၊ ခိုက်ရန်ဒေါသဖြစ်ကြမှ၊ သပိတ်တွေမှောက်မှ၊ လမ်းမတွေပေါ်မှာ လူစု လူဝေးနဲ့ဆန္ဒတွေပြကြမှ တိုက်ပွဲလို့ခေါ်တာ မဟုတ်ပါဘူး။ အကျပ်အတည်း အခက်အခဲတွေ၊ ဆန့်ကျင် စိန်ခေါ်မှုတွေကို ရင်ဆိုင် ရုန်းကန် ကျော်ဖြတ်နိုင်ဖို့အားထုတ်ကြရတာမှန်သရွေ့ တိုက်ပွဲအဖြစ် ရှုမြင်ကြရမှာ ဖြစ်တယ်။

ကျနော်တို့ပါတီက ဥပဒေတွင်းပါတီတစ်ရပ်အဖြစ် ၂၀၁၄ ခုနှစ်မှာ ပြန်လည်ရရှိခဲ့တယ်။ ကျနော်တို့ ကိုယ်စားပြုနိုင်ဖို့ဦးတည်တဲ့ အဖိနှိပ်ခံ လူတန်းစား ၄ ရပ်အတွက်၊ တနည်း အဖိနှိပ်ခံပြည်သူလူထုအတွက် ဒီမိုကရေစီဘောင်အတွင်းမှာ တရားမျှတမှုကို အခိုင်အမာ တောင်းဆို၊ ရုန်းကန် လှုပ်ရှားကြရလိမ့်မယ်။ တနည်း တိုက်ပွဲဆင်ကြရလိမ့်မယ်။ တိုက်ပွဲမျက်နှာစာတိုင်းကို မငြင်း မဖယ် ရင်ဆိုင်ကြရမှာပဲ ဖြစ်တယ်။ ပါတီရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ် အပိုဒ် (၅) မှာလည်း ကျနော်တို့ရဲ့ နိုင်ငံရေးတာဝန်တွေကို ထမ်းဆောင်တဲ့အခါ လွှတ်တော်တွင်းကတဆင့်ဖြစ်ဖြစ်၊ လွှတ်တော်ပြင်ပလှုပ်ရှားမှုတွေနဲ့ဖြစ်ဖြစ်၊ လွှတ်တော်တွင်း လွှတ်တော်ပဆက်စပ်မှုတွေနဲ့ ဖြစ်ဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားကြမယ်ဆိုတာ အတိအလင်း ဖော်ပြထားတယ်။

ဒီတော့ ကျနော်တို့တိုင်းပြည်ရဲ့ ပကတိအနေအထားကိုကြည့်ရင် ရွေးကောက်ပွဲ ရှိနေတယ်၊ လွှတ်တော်ရှိနေတယ်။ ဘယ်လိုရွေးကောက်ပွဲမျိုးလဲ ....၊ ဘယ်လို လွှတ်တော်မျိုးလဲ ....၊ အဲ့ဒီ လွှတ်တော်တွင်း အခင်းအကျင်းကရော ကျနော်တို့တိုင်းပြည် လူမျိုးပေါင်းစုံပြည်သူတွေအတွက် ဘယ်လို ကိုယ်စားပြုနိုင်တဲ့ အခင်းအကျင်းမျိုးလဲ ....၊ အမှန်တရားနဲ့တရားမျှတမှုအတွက် အာမခံနိုင်တဲ့ ဘယ်လို အစီအမံမျိုးတွေ ရှိနေပြီလဲ ..... စတဲ့ အခြေအနေတွေကို အမှန်အတိုင်း အကဲဖြတ်ကြမယ်ဆိုရင် ရွေးကောက်ပွဲဆိုတာ၊ လွှတ်တော်ဆိုတာ တိုက်ပွဲမျက်နှာစာတွေလို့ပဲ သုံးသပ်ကြရပါလိမ့်မယ်။

တိုက်ပွဲရှိရင် ကျနော်တို့ ရှိကြရပါမယ်။ တိုက်ပွဲမျက်နှာစာဆီ ကျနော်တို့ ကိုယ်စားပြုချင်တဲ့ အဖိနှိပ်ခံလူတန်းစားတွေဘက်က ခုခံဖို့၊ ကျနော်တို့ ယုံကြည်တဲ့ တရားမျှတမှုဘက်က ကာကွယ်ဖို့၊ ကျနော်တို့လိုချင်တဲ့ အမှန်တရားကို ဖော်ထုတ် တည်ဆောက်နိုင်ဖို့ ကျနော်တို့ မရောက်အရောက် ချီတက်ကြရလိမ့်မယ်။ တိုက်ပွဲမျက်နှာစာကို ဖယ်ခွာရှောင်ရှားခြင်းအားဖြင့် ကျနော်တို့ရဲ့ ပါတီရဲ့ နိုင်ငံရေးတာဝန်ကို ကျနော်တို့ ငြင်းဆန်ရာရောက်မှာကို ကိုယ့်ကိုယ်ကိုယ်

# ညောင်ဝန်းနှင့် ငွေတောင်ကျေးရွာတို့မှ တောင်သူများနှင့် တပ်တို့အကြား မြေယာအငြင်းပွားမှုအား သွားရောက်ဝန်းရံ

**မန္တလေး၊ ၁၃ - ဇူလိုင် -၂၀၂၀**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကူးမြို့နယ်၊ ညောင်ဝန်းနှင့် ငွေတောင်ကျေးရွာတို့မှ တောင်သူ ၁၀၅ ယောက်ကို တပ်ပိုင်မြေတွင် ကျူးကျော်နေထိုင်သည်ဟု ဆိုကာ တပ်မတော်က တရားလိုပြုလုပ်ပြီး ဇူလိုင် ၁၃ ရက်နေ့တွင် စဉ့်ကူးမြို့နယ်တရားရုံး၌ တရားမမှုအဖြစ် တရားစွဲဆိုခဲ့သည်။ တရားမကြီးမှုဖြင့် စွဲဆိုခဲ့သော်လည်း တပ်မတော်ပိုင်ဆိုင်သော အထောက်အထားမရှိကြောင်းနှင့် တရားစွဲဆိုမှုမှာ ဥပဒေနှင့် မညီညွတ်ကြောင်း ဒေသခံ တောင်သူများက ပြောသည်။ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ လယ်ယာမြေသိမ်းဆည်းမှုများနှင့်ပတ်သက်သည့် သဘောထားမှာ လယ်ယာမြေ ပြန်လည်ရရှိရေး ကြိုးပမ်း အားထုတ်မှုများအား အခြေခံအားဖြင့် ထောက်ခံ ဝန်းရံ ကူညီသွားရေးဖြစ်ပါသည်။ ၎င်းအမှုရုံးချိန်းသို့ ဦးသန့်စင်(ခ)ဦးဒိုးကြီး(မြေယာအရေးဆောင်ရွက်သူ၊ DPNS ဗဟိုကော်မတီဝင်) သွားရောက် အားပေး ဝန်းရံခဲ့ပါသည်။




ခွင့်မပြုသင့်ကြဘူးလို့ အခိုင်အမာ ပြောချင်တယ်။

ကျနော်တို့အင်အားနဲ့ ကျနော်တို့ပါတီက အစိုးရဖွဲ့နိုင်ဖို့စိတ်ကူးယဉ်စရာမရှိတာ ကျနော်တို့အားလုံးသိကြတယ်။

ကျွန်ခေတ်မှာ လူရာဝင်ချင်တဲ့ ရည်ရွယ်ရင်းမျိုး ကျနော်တို့ပါတီမှာ မရှိတာ၊ အဲ့ဒီလို အမျိုးအစား ပါတီမျိုး မဟုတ်တာ ရဲဘော်တိုင်း မမိုတ်မသုန် ယုံကြည်ကြပြီးသားလို့လည်း ကျနော့်အနေနဲ့ သေချာတယ်။ ဒီအခြေအနေအောက်မှာ ကျနော်တို့ လိုချင်တဲ့ လူတန်းစား ၄ ရပ် အကျိုးစီးပွားကို အာမခံနိုင်စွမ်းရှိတဲ့ အစိုးရတစ်ရပ်ရပ်ကို ရဖို့ ခဲယဉ်းနေဦးမှာပဲဖြစ်တယ်။ ဒါပေမယ့် တိုက်ပွဲက ရှိနေတယ်။ အဲ့ဒီတိုက်ပွဲမျက်နှာစာမှာ ရည်ရွယ်ချက်တူ၊ လုပ်ငန်းတူ မိတ်ဆွေအင်အားစုတွေက သည်းသည်းသန်သန် တိုက်ပွဲဆင်နေတယ်။ တကယ်တန်းပြောရရင် ကျနော်တို့ မိတ်ဆွေတွေဘက်က အားနည်းနေတယ်။ "တစ်ချက်တူ တစ်ချက်ပေါင်း" ဆိုတဲ့ မဟာမိတ်မှုကို ကိုင်စွဲပြီး မိတ်ဆွေတွေကို အားဖြည့်ဖို့ လွှတ်တော်တွင်းတိုက်ပွဲ ဆီ ပါတီက ချီတက်ရမှာ ဖြစ်တယ်။

ဒါက လွှတ်တော်ပြင်ပလှုပ်ရှားမှုတွေကို ရှောင်ဖြေးတာမဟုတ်၊ လွှတ်တော်ပြင်ပ လှုပ်ရှားမှုတွေဆီမှာလည်း ကျနော်တို့ ဆက်ရှိနေကြရမှာ ဖြစ်တယ်။ လွှတ်တော်တွင်း လွှတ်တော်ပ ဆက်စပ်လှုပ်ရှားမှုတွေလည်း ကျနော်တို့ ကြိုးပမ်း လမ်းစရှာ အားထုတ်ကြရလိမ့်မယ်။ ကျနော်တို့ရဲ့ နိုင်ငံရေးတာဝန်တွေကို ကျရာနေရာ၊ ရောက်ရာမျက်နှာစာတိုင်းမှာ မတွန့်မဆုတ် ထမ်းရွက်ကြရမှာပဲ ဖြစ်တယ်။

လူမျိုးစုံပြည်သူလူထုကြီးရဲ့ ပကာတိအခြေအနေနဲ့ ရွေးခြယ်မှုက အရာရာကို ဆုံးဖြတ်တယ်ဆိုတာ ယုံကြည်တဲ့ ပါတီတစ်ရပ်အဖို့ တိုက်ပွဲမျက်နှာစာတိုင်းမှာ ကိုယ်စွမ်းသလောက် တိုက်ပွဲဆင်ကြရပေလိမ့်မယ်။ ။

**စောဝင်း**

# ဆုံချက်ရှိရှိ တွန်းနိုင်ပါမှ အရှေ့ကို ရောက်မယ်

ကြယ်စင်မြစ်

၂၀၂၀ အထွေထွေရွေးကောက်ပွဲ နီးကပ်လို့လာပါပြီ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လာမယ့် နိုဝင်ဘာလ ၈ ရက်နေ့မှာ ရွေးကောက်ပွဲကျင်းပမယ်လို့ ကြေငြာထားပြီး မဲဆန္ဒရှင်စာရင်းတွေလည်း မကြာခင် ရက်ပိုင်းအတွင်းမှာ ကြေငြာတော့မှာပါ။ ရွေးကောက်ပွဲ နီးလာတာနဲ့ အမျှ ပြည်သူတွေထဲမှာလည်း ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ အသံတွေ အတော်လေး ကြားလာနေရပါတယ်။ မိမိတို့ကြိုက်နှစ်သက်ရာပါတီအတွက် လော်ကြ၊ အော်ကြ၊ ငြင်းကြခုန်ကြ၊ စည်းရုံးကြသံတွေလည်း ဆူဆူညံညံ ဖြစ်လာတယ်။ တချိန်တည်းမှာပဲ လာမယ့်ရွေးကောက်ပွဲကျရင် မဲမပေးဘူး၊ မဲပေးလည်း ၂၀၀၈ အောက်မှာ ဘာမှဖြစ်လာမှာမဟုတ်ဘူးဆိုတဲ့ အသံတွေပါ ကြားလာရပါတယ်။ ကျမကတော့ ဒါဟာ ကျမတို့နိုင်ငံရဲ့ ဒီမိုကရေစီဖြစ်ပေါ် တိုးတက်ရေးဖြစ်စဉ်မှာ အတော်လေး ထိတ်လန့်စရာကောင်းတဲ့ကိစ္စလို့ မြင်ပါတယ်။ အကြောင်းကြောင်းကြောင့် မဲမပေးသူတွေ များလာလေလေ ဒီမိုကရက်တစ် အင်အားစုတွေအတွက် အခွင့်အလမ်း နည်းလေလေ၊ အပိုင်မဲတွေရှိနေတဲ့ တဖက်အုပ်စုအတွက် အခွင့်အလမ်းတွေ များလေလေပဲလို့ ပြောချင်ပါတယ်။

နိုင်ငံရေးလုပ်ဆောင်ကြရာမှာ သွေးထွက်တဲ့နိုင်ငံရေး နဲ့ သွေးမထွက်တဲ့နိုင်ငံရေးဆိုပြီး နှစ်မျိုးရှိတယ်လို့ နိုင်ငံရေးသမားကြီးတွေ ပြောဆိုကြတာကို မှတ်သားဖူးပါတယ်။ ဒီနည်းလမ်းနှစ်သွယ်ထဲမှာ ကျမတို့က အခြေအနေအရ သွေးမထွက်တဲ့ နိုင်ငံရေးကို ရွေးချယ်ထားတာပါ။ ဒီနည်းလမ်းထဲမှာပဲ အသွင်သဏ္ဍာန်မျိုးစုံ၊ ပုံစံမျိုးစုံ၊ နည်းလမ်းမျိုးစုံ ကွဲပြားနိုင်ပါသေးတယ်။ တချို့က အရပ်ဖက်လူမှုအဖွဲ့ အစည်းတွေမှာ တာဝန်ယူကြတယ်။ တချို့က တက်ကြွလှုပ်ရှား သူတွေအဖြစ် ဆောင်ရွက်ကြတယ်။ တချို့ကတော့ နိုင်ငံရေး အကဲဖြတ်သူ၊ စောင့်ကြည့်လေ့လာသူတွေအဖြစ်နဲ့ ရပ်ခံကြတာလည်း ရှိပါတယ်။ ဒီ့အပြင် နိုင်ငံရေးကို စိတ်ပါဝင်စားသော်ငြားလည်း အထွေထွေအရာရာသော အရေးတွေကြောင့် အချိန်မပေးနိုင်ကြသူတွေကိုလည်း တွေ့ရတယ်။ ဘယ်အစိုးရ တက်တက် ကိုယ်လုပ်မှ ကိုယ်စားရတာဆိုသူတွေလည်း ရှိနေပြန်ပါတယ်။

မည်သို့ပင် ရပ်တည်ကြစေကာမူ ကျမတို့ပြည်သူတရပ်လုံးက ၂၀၀၈ ခြေဥဟာ ဒီမိုကရေစီရေးတိုက်ပွဲမှာ အဓိကအဟန့်အတားကြီးတရပ် ဖြစ်တယ်ဆိုတာ သဘောပေါက်ကြပါတယ်။ ဥပဒေပညာရှင်တွေ မဟုတ်ကြတဲ့အတွက် ဘယ်အခန်းက ဘယ်ဥပဒေ၊ ပုဒ်မဘယ်လောက်က ဘယ်လိုဆိုတဲ့ အထိတော့ အသေးစိတ် သိချင်မှသိကြပါလိမ့်မယ်။ ဒါပေမယ့် ၂၀၀၈ ခြေဥအောက်မှာ ပြည်သူတွေ ဒုက္ခပင်လယ်ဝေနေကြရတယ်။ ငြိမ်းချမ်းရေး အလှမ်းဝေးနေတယ်ဆိုတာ လောက်တော့ သိကြတဲ့သူချည်းပါပဲ။ တပ်ကို လုပ်ပိုင်ခွင့်အာဏာတွေ အလွန်အကျွံပေးထားပြီး ဒီမိုကရေစီ စံချိန်စံညွှန်းတွေကို ဖော်ဆောင်ဖို့ အကန့်အသတ်ဖြစ်စေတဲ့၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးကို အဟန့်အတားဖြစ်စေတဲ့ဥပဒေဆိုတာသဘောပေါက်ကြပါတယ်။

တလောကပဲ လွှတ်တော်ထဲမှာ အခြေအတင် ငြင်းကြခုန်ကြ၊ ဆူဆူညံညံတွေဖြစ်ကြပြီး ခြေဥပြင်ဖို့ ကြိုးစားခဲ့ကြတယ်။ ရလဒ်ကတော့ အားလုံးသိကြတဲ့အတိုင်းပါပဲ။ ၇၅% ကျော်မှ ပြင်လို့ရမယ်ဆိုတဲ့ အကန့်အသတ်ကြီး အောက်မှာတင် ဘာမှမပြင်နိုင်ဘဲ ဖြစ်ခဲ့ရတယ်။

၂၀၀၈ ခြေဥအောက်မှာ လုပ်ရကိုင်ရခက်ခဲတဲ့ အခြေအနေတွေ၊ မျှော်လင့်ချက်အတိုင်း ဖြစ်မလာခဲ့တဲ့ ကိုယ်စားလှယ်အချို့ရဲ့ ညံ့ဖျင်းမှု အရည်အချင်းပျက်ယွင်းမှုတွေက မဲဆန္ဒရှင်ပြည်သူတွေကို စိတ်အပျက်ကြီး ပျက်စေခဲ့တယ်။ ဒါရဲ့ နောက်ဆက်တွဲအဖြစ် ဘယ်သူ့မဲပေးပေး အခြေ

စာမျက်နှာ - ၁၀ သို့

# (၅၈) နှစ်မြောက် 7 July အခမ်းအနားသို့ တက်ရောက်




**ရန်ကုန်၊ ၇ - ဇူလိုင် -၂၀၂၀**

မန္တလေးမြို့တွင် ဗကသများအဖွဲ့ချုပ်က စီစဉ်ကျင်းပသည့် (၅၈)နှစ်မြောက် 7 July အခမ်းအနားသို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ မန္တလေးတိုင်း ပါတီကော်မတီ ဒုဥက္ကဋ္ဌ ဦးသန်းထွန်းအောင် နှင့် အတွင်းရေးမှူး ဦးသိန်းနိုင်ထူးတို့တက်ရောက်ပြီး လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီ၏ သဝဏ်လွှာကို ဖတ်ကြားခဲ့ပါသည်။ 7 July (၅၈) နှစ် ပြည့်မြောက်သည်အထိ၊ ၎င်းအရေးတော်ပုံအတွင်း အသက်၊ ခန္ဓာ၊ ဘဝများ နစ်နာဆုံးရှုံးခဲ့ကြသည့်ကျောင်းသားကျောင်းသူများအတွက် တရားမျှတမှု တစုံတရာကို အာဏာရအစိုးရအဆက်ဆက်က ဖော်ဆောင်ပေးနိုင်ခြင်း မရှိသေးကြောင်း၊ မပြီးဆုံးသေးသည့် တိုက်ပွဲများတွင် မိမိတို့ပါတီအနေဖြင့် ကျရာတာဝန်ကို ထမ်းရွက်သွားမည်ဖြစ်ကြောင်း သဝဏ်လွှာတွင် ဖော်ပြပါရှိပါသည်။ ။

## ဝမ်းနည်းမှတ်တမ်း



ဦးဖိုင်းနာ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၊
လပွတ္တာမြို့နယ် ပါတီကော်မတီဥက္ကဋ္ဌဟောင်း



# (၇၃)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားများသို့ တက်ရောက်ဂါရဝပြု

**မြင်းခြံ၊ ဘားအံ၊ ရန်ကုန်၊ ၁၉ - ဇူလိုင် -၂၀၂၀**

ရန်ကုန်မြို့၊ အာဇာနည်ဗိမာန်တွင် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့နံနက်က ကျင်းပပြုလုပ်ခဲ့သည့် ၇၃ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ပါတီဒုတိယ ဥက္ကဋ္ဌ နှင့် တွဲဖက်အထွေထွေအတွင်းရေးမှူး(၁)တို့ တက်ရောက်ဂါရဝပြုခဲ့ကြသည်။ မြင်းခြံမြို့၊ မဏိကာဥ္စနာခန်းမရှေ့၌ ပြုလုပ်သည့် အာဇာနည်နေ့ အထိမ်းအမှတ် ဂါရဝပြု အစီအစဉ်တွင် ပါတီဗဟိုကော်မတီဝင် ဒေါ်ခင်ခင်ကြိုင် နှင့် မြင်းခြံမြို့နယ် ပါတီခေါင်းဆောင်များ၊ လူ့ဘောင်သစ် လူငယ်များ တက်ရောက်ခဲ့ကြသည်။ ဘားအံမြို့၊ အာဇာနည်ကျောက်တိုင်၌ ပြုလုပ်သည့် အာဇာနည် ခေါင်းဆောင်ကြီးများအား ဂါရဝပြုခြင်း အစီအစဉ်တွင် ဘားအံမြို့နယ် ပါတီကော်မတီဥက္ကဋ္ဌ ဦးကျော်ခင်နှင့် မြို့နယ်ကော်မတီဝင်များ တက်ရောက်၍ ဂါရဝပြုခဲ့ကြပါသည်။








လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ လပွတ္တာမြို့နယ် ပါတီကော်မတီဥက္ကဋ္ဌဟောင်း ဦးဖိုင်းနာသည် ၂၀၂၀ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့ နံနက် ၁ နာရီ ၄၅ မိနစ် အချိန်တွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်း ကြားသိရပါသဖြင့် မိမိတို့ပါတီမှ မိသားစုနှင့်ထပ်တူ အထူး ကြေကွဲဝမ်းနည်းခြင်း ဖြစ်ကြရပါသည်။

ဦးဖိုင်းနာ၏ ပါတီတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့မှုများအတွက်လည်းကောင်း၊ ရပ်ရွာကောင်းကျိုး၊ နိုင်ငံကောင်းကျိုးများကို စဉ်ဆက်မပြတ် ကြိုးပမ်း အားထုတ်ခဲ့မှုများအတွက်လည်းကောင်း၊ ဒေသဆိုင်ရာ လယ်သမားအရေး၊ တရားဥပဒေစိုးမိုးရေး နှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အစွမ်းရှိသမျှ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအတွက်လည်းကောင်း မိမိတို့ပါတီက ဝမ်းနည်းစွာဖြင့် အလေးအမြတ် မှတ်တမ်း တင်ဂုဏ်ပြုအပ်ပါသည်။ ။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

# လပွတ္တာမြို့နယ် ပါတီရုံး ဖွင့်လှစ်




**လပွတ္တာ၊ ၂၅ - ဇူလိုင် -၂၀၂၀**

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ လပွတ္တာမြို့နယ်ရုံးဖွင့်ပွဲကို ၂၀၂၀၊ ဇူလိုင်၊ ၂၅ ရက်နေ့တွင် လပွတ္တာမြို့နယ်၌ ပြုလုပ်ခဲ့ပါသည်။ ရုံးဖွင့်ပွဲတွင် လပွတ္တာမြို့နယ်ကော်မတီဝင်များ၊ မြို့နယ်အတွင်းရှိ နိုင်ငံရေးအင်အားစုများ၊ DPNS ပါတီဥက္ကဋ္ဌ ဦးအောင်မိုးဇော် နှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ လူ့ဘောင်သစ်လူငယ်များ တက်ရောက်ခဲ့ကြပါသည်။

ဖွင့်ပွဲတွင် ပါတီဥက္ကဋ္ဌက မပြီးဆုံးသေးသည့် ဒီမိုကရေစီခရီးလမ်းကို လွှတ်တော်အတွင်းအပြင် အင်အားစုများ အတူတကွ လက်တွဲလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း ထည့်သွင်း ပြောကြားခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသည့် ဒေသခံ နိုင်ငံရေးအင်အားစုခေါင်းဆောင်များက ဂုဏ်ပြုအမှတ်တရစကား ပြောကြားခဲ့ကြပြီး လပွတ္တာမြို့နယ် ပါတီကော်မတီဥက္ကဋ္ဌ ဦးအောင်မိုးဝင်းက ကျေးဇူးတင်စကား ပြောကြားခဲ့ပါသည်။

---

စာမျက်နှာ - ၇ မှ

အနေက ထူးမလာနိုင်ပါဘူးဆိုသူတွေ၊ ကိုယ်လုပ်မှ ကိုယ်စားရတာပါဆိုသူတွေ ပတ်ဝန်းကျင်မှာ တော်တော်များများ တွေ့လာနေရပါတယ်။ မဲမပေးတော့ဘူးဆိုတဲ့ No Vote သမားတွေ ဖြစ်လာကြပါတယ်။

ဒီတော့ ကျမတို့ သေချာ စဉ်းစားကြဖို့ လိုပါတယ်။ ဒီအတိုင်းပဲ ဒီအခြေအနေဆိုးတွေအောက်မှာ တန့်ရပ်နေကြတော့မှာလား။ ကျမတို့ရဲ့ နောင်လာနောက်သားတွေကို ၂၀၀၈ ခြေဥဆိုတဲ့ အမွေဆိုးကြီးကို လက်ဆင့်ကမ်းခဲ့ကြမှာလား။ ဒါကြီးကို လွှတ်တော်တွင်းမှာ ပြင်လို့မရဘူးဆိုတာ သေချာတယ်။ ဒါပေမယ့် ကျမတို့ အထူးတလည် သတိချပ်ရမှာကတော့ လွှတ်တော်တွင်းလှုပ်ရှားမှုမှာ ဒီမိုကရက်တစ်အင်အားစုစစ်စစ်တွေ အားကောင်းနေဖို့ အရေးကြီးတယ်ဆိုတာပါပဲ။ ဒီအင်အားစုတွေ ဦးဆောင်တဲ့ လွှတ်တော်တွင်းလှုပ်ရှားမှုတွေကို လွှတ်တော်ပြင်ပလှုပ်ရှားမှုတွေနဲ့ ဆက်စပ်ပြီး အားကောင်းမောင်းသန် တွန်းကြပါမှ ကျမတို့လိုချင်တဲ့ နိုင်ငံရေးအရွေ့ဆိုတာ ဖြစ်လာမှာပါ။ ဒီလှုပ်ရှားမှုနစ်ရပ်ရဲ့ ဆုံချက်ကိုရှာပြီး အဆက်အစပ်ရှိရှိ၊ ဟန်ချက်ညီညီ မတွန်းနိုင်ကြသေးသ၍ အဆိုးကျော့သံသရာထဲမှာ တဝဲလည်လည် ဖြစ်နေကြရဦးမှာပါ။

ကျင်းပပြီးခဲ့တဲ့ ရွေးကောက်ပွဲတွေကို ပြန်ကြည့်ရင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲမှာ မဲဆန္ဒပေးပိုင်ခွင့်ရှိသူရဲ့ ၆၉% မဲပေးခဲ့ကြတယ်။ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲမှာတော့ ၄၂.၄ % ပဲ မဲပေးခဲ့ကြတယ်။ ထင်မှတ်မထားခဲ့တဲ့ အနိုင်အရှုံး ရလဒ်တချို့တောင် ထွက်ပေါ်ခဲ့ရတယ်။ ခု ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲမှာရော မဲဆန္ဒရှင်တွေရဲ့ ဘယ်နရာခိုင်နှုန်းလောက်က မဲပေးကြမလဲဆိုတာနဲ့ လွှတ်တော်ထဲမှာ တကယ့်အားကောင်းမောင်းသန် ဒီမိုကရက်တစ်အင်အားစုတွေ ရောက်သွားနိုင်ဖို့က တိုက်ရိုက်ဆက်စပ်နေပါတယ်။ အကြောင်းကြောင်းကြောင့် မဲမပေးသူဦးရေ များလာတာနဲ့အမျှ ဒီမိုကရက်တစ်အင်အားစုစစ်စစ်တွေအတွက် အခွင့်အလမ်းတွေ နည်းသွားမှာပါ။

အတွင်းကသတ်သတ်၊ အပြင်ကသတ်သတ် ဆောင်ရွက်လို့ မရနိုင်ဘူးဆိုတာကို လက်တွေ့အခြေအနေတွေက သက်သေပြနေပါတယ်။ ဒီမိုကရေစီဘောင်ကျဉ်းသထက်ကျဉ်းလာနေပြီး စစ်ဘောင်ကကျယ်သထက် ကျယ်လာနေတဲ့ ကနေ့အခြေအနေမျိုးမှာ ကျမတို့နိုင်ငံရဲ့ အနာဂတ်ကို ထုဆစ်နိုင်ဖို့အတွက် ကျမတို့ရဲ့ရပိုင်ခွင့်၊ ကျမတို့ရဲ့လုပ်နိုင်ခွင့် မဲတပြားကို အလဟဿအဖြစ်မခံကြပါနဲ့လို့ အလေးအနက် တိုက်တွန်းလိုက်ရပါတယ်။ ။

**ကြယ်စင်မြစ်**

(၁၆၊ ဇူလိုင်၊ ၂၀၂၀)

# တစ်စုံလုံး နိုင်ငံရေး နှင့် အစိတ်အပိုင်း နိုင်ငံရေး

တင်အေး(၈၈ မျိုးဆက်၊ ဗကသ)

တစ်ရက်၊ သူငယ်ချင်းက သူ့မိတ်ဆွေနဲ့ မိတ်ဆက်ပေးပါတယ်၊ "ဒါ ကျနော့်သူငယ်ချင်းလေ၊ သူက နိုင်ငံရေးလုပ်တယ်" လို့ မိတ်ဆက်စကား ခင်းပေးလိုက်တော့ သူငယ်ချင်းရဲ့ မိတ်ဆွေက "ဩော် လွှတ်တော်အမတ် လုပ်မှာပေါ့၊ ကောင်း တာပေါ့။" ... တဲ့။

၂၀၁၅ ဝန်းကျင်မှာ နိုင်ငံရေးနဲ့ပတ်သက်မှန်းသိနေကြတဲ့သူတွေက တွေ့ရင် မေးတတ်တဲ့မေးခွန်းက ရွေးကောက်ပွဲ မဝင်ဘူးလား၊ လွှတ်တော်အမတ် မလုပ်ဘူးလား၊ ဘယ်မြို့နယ်က ဝင်ပြိုင်မှာလဲ စတဲ့မေးခွန်းတွေနဲ့ အတော်ကြုံရတတ်ပါတယ်။

**နိုင်ငံရေး**

နိုင်ငံရေးဆိုတဲ့ဝေါဟာရကို ဒုတိယအကြိမ်ထုတ် မြန်မာအဘိဓာန်စာအုပ်မှာ "နိုင်ငံနှင့်စပ်ဆိုင်သောအရေးကိစ္စများ" လို့ပဲ အဓိပ္ပာယ်ဖွင့်ပါတယ်။ Oxford၊ Webster၊ Cambridge အဘိဓာန်စာအုပ်တွေမှာ အများအားဖြင့် အစိုးရနဲ့ အစိုးရမူဝါဒတွေကို ဩဇာသက်ရောက်တဲ့အလုပ်တွေအဖြစ် အဓိပ္ပာယ်ဖွင့်ကြတာ တွေ့ရပါတယ်။ အဲဒီ့ထဲမှာ Oxford Advanced Learner's Dictionary ထဲမှာပါတဲ့ အဓိပ္ပာယ်ဖွင့်ဆိုထားတာတွေက စိတ်ဝင်စားဖို့ ကောင်းပါတယ်။ ကြည့်ပါဦး - Politics - noun. 1[uncountable] the activities involved in getting and using power in public life, and being able to influence decisions that affect a country or a society. party politics/ local politics/ He's thinking of going into politics (= trying to become a member of Congress, etc.)

နိုင်ငံရေးဆိုတာ လူ့ထုဘဝထဲမှာ အာဏာရယူအသုံးပြုပြီး လုပ်တဲ့အလုပ်၊ နိုင်ငံတစ်နိုင်ငံ လူ့အဖွဲ့အစည်းတစ်ခုကို သက်ရောက်မှုဖြစ်စေတဲ့ ဆုံးဖြတ်ချက်တွေအပေါ် ဩဇာလွှမ်းမိုးနိုင်တဲ့အလုပ်လို့ ဆိုထားပါတယ်။ ပေးထားတဲ့ ဥပမာတွေထဲက နောက်ဆုံးတစ်ခုကို အဓိပ္ပာယ်ဖွင့်ထားတာကလည်း သူ နိုင်ငံရေးလုပ်ဖို့ စဉ်းစားနေတယ်ဆိုတာကို ကွင်းစကွင်းပိတ်နဲ့ ကွန်ဂရက်၊ ပါလီမန်၊ လွှတ်တော်အမတ်ဖြစ်လာဖို့ စဉ်းစားနေတာဆိုပြီး ရေးပြထားပါတယ်။ အဘိဓာန်ဆိုတာ ယေဘုယျ အခြေအနေအားလုံးကို ခြုံငုံမိအောင် ရေးထားတာပါ။ ဒါပေမဲ့ သူ့ဖွင့်ဆိုချက်ထဲမှာကိုက နိုင်ငံရေး လုပ်တယ်ဆိုတာ လွှတ်တော်အမတ် လုပ်တယ်ဆိုတဲ့ အဓိပ္ပာယ်လည်း တစ်ခုအပါအဝင်ဖြစ်နေပါတယ်။

လက်ရှိကြုံတွေ့နေရတဲ့အခြေအနေတွေအပေါ်မှာရော၊ အဘိဓာန်က ဖွင့်ဆိုတဲ့ အဓိပ္ပာယ်အရရောဆိုရင်တော့ အပေါ် မှာပြောခဲ့ဖူးသလို၊ နိုင်ငံရေးလုပ်တယ်ဆိုတော့ ဩော်... လွှတ်တော်အမတ်လုပ်မှာပေါ့...ဆိုတဲ့ သူငယ်ချင်းရဲ့ မိတ်ဆွေပြောတာ သိပ်မလွဲသလိုပါပဲ။

ဒါပေမဲ့ ဘာသာပြန်တဲ့အခါမှာ ဝေါဟာရ အဓိပ္ပါယ်ဖွင့်ဆိုချက်ဟာ အဘိဓာန်ထဲက ဖွင့်ဆိုချက်နဲ့ မလုံ လောက်ဘူးဆိုတာ ဒီနေရာမှာ ဒက်ထိကို မှန်နေပါတယ်။ ဘာသာပြန်တယ်ဆိုတာ ဝေါဟာရအဓိပ္ပာယ်ပေးတာမှမဟုတ်ဘဲ၊ အခြေအနေကို အဓိပ္ပာယ်ပြန်ပေးရတာကိုး။

အခုလည်း နိုင်ငံရေး ဆိုတဲ့ဝေါဟာရကို ကိုယ့်နိုင်ငံ အခြေအနေနဲ့ ကိုက်ညီတဲ့အဓိပ္ပာယ် ဖွင့်ဆိုရမှာပါ။ ကိုယ့်နိုင်ငံ အခြေအနေကတော့ အားလုံးသိပြီးသားလို့ပဲ သဘောထားပါတယ်။ ကိုယ့်နိုင်ငံအခြေအနေနဲ့ နိုင်ငံရေးကို အဓိပ္ပါယ်ဖွင့်ရင် ဒီလို အဆင့်ဆင့် ပြောနိုင်ပါတယ်၊ နောက်ဆုံး ရောက်ရမယ့်အဆင့်ကနေ အထက်ကို ဆန်ပြောရရင် -

- ရေရှည် တည်တံ့ခိုင်မြဲသည့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး
- ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး
- ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေး

# DPNS ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး (၄ / ၂၀၂၀)

**ရန်ကုန်၊ ၂၃ - ဇူလိုင် -၂၀၂၀**



လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး (၄/၂၀၂၀)ကို ၂၀၂၀၊ ဇူလိုင်လ ၂၃ ရက်နေ့တွင် ပါတီဌာနချုပ်ရုံးတွင် ပြုလုပ်ခဲ့ရာ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေး၌ ၂၀၂၀ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နယ်မြေအလိုက်၊ လွှတ်တော်အလိုက် ကိုယ်စားလှယ်လောင်းများ စိစစ် ရွေးချယ်မှု အခြေအနေနှင့် ရွေးကောက်ပွဲအောင်နိုင်ရေးဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား အသေးစိတ် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

---

- စစ်အာဏာရှင်စနစ် အကုန်အစင်ဖျက်သိမ်းရေး
- မျက်နှာစာအသီးသီး၊ လူ့ပ်ရှားမှုသဏ္ဍာန်မျိုးစုံ ပေါင်းစပ်ဆင်နွှဲရေး

ဒီနေ့ ဗမာပြည်အခြေအနေနဲ့ဆိုရင် အဲဒီ့အလုပ်တွေဟာ နိုင်ငံရေးပါပဲ၊ အဲဒီ့အလုပ်တွေမှာ ပါဝင် လုပ်ကိုင်တာဟာ နိုင်ငံရေးလုပ်တာပါပဲ။

**နိုင်ငံရေးလုပ်ငန်းစဉ်**

နိုင်ငံရေးလုပ်ငန်းစဉ်ချမှတ်ဖို့အတွက် နိုင်ငံရေးရည်မှန်းချက် ရှိပါတယ်။ ရည်မှန်းချက်အပေါ် မှာ လတ်တလော လုပ်ငန်းစဉ်၊ ရေတိုလုပ်ငန်းစဉ်၊ ရေရှည်လုပ်ငန်းစဉ်တွေ ချမှတ်အကောင်အထည်ဖော်ကြပါတယ်။

ယေဘုယျအားဖြင့် တစ်ခုပြီးမှ တစ်ခုလုပ်မယ်ဆိုတာမျိုး လုပ်လို့ မရတတ်ပါဘူး။ အချိန်တစ်ချိန်မှာ လုပ်ငန်းစဉ်တစ်ခုက ဦးစားပေး ဖြစ်ကောင်းဖြစ်နေနိုင်ပေမဲ့ လုပ်ငန်းစဉ်အားလုံးကိုတော့ အချိန်နဲ့တပြေးတည်း ဟန်ချက်ညီ လုပ်ဆောင်နေဖို့လိုပါတယ်။ အဲသလို လုပ်ဆောင်တဲ့အခါမှာ မိမိရဲ့ခနအင်အား၊ လူအင်အား၊ အခြေအနေ စတာတွေကို တွက်ချက်လုပ်ဆောင်ရတာပါ။

**တစ်စုံလုံး နိုင်ငံရေး နဲ့ အစိတ်အပိုင်း နိုင်ငံရေး**

ဒီနေ့ ဗမာပြည်အခြေအနေနဲ့ ပြောရရင် တစ်စုံလုံးနိုင်ငံရေးဆိုတာ စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်းပြီး ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်နိုင်ဖို့အတွက် မျက်နှာစာအသီးသီးကနေ လူ့ပ်ရှားမှုသဏ္ဍာန်မျိုးစုံ ပေါင်းစပ် လှုပ်ရှားရေးလုပ်တာပါ။

အစိတ်အပိုင်း နိုင်ငံရေးဆိုတာ အဲသလို ပေါင်းစပ်လှုပ်ရှားကြတဲ့ လှုပ်ရှားမှုတစ်ခုချင်းစီပါပဲ။

ဒါကြောင့် လွှတ်တော်နိုင်ငံရေး နဲ့ ရွေးကောက်ပွဲဝင်ရေးဆိုတာ တစ်စုံလုံးနိုင်ငံရေးထဲက အစိတ်အပိုင်းနိုင်ငံရေးသာ ဖြစ်ပါတယ်။ နိုင်ငံရေးလုပ်တယ်ဆိုတာ လွှတ်တော်အမတ်လုပ်တာ တစ်ခုထဲရှိတယ် ထင်တော့တာ၊ နိုင်ငံရေးလုပ်ငန်းဆိုလို့လည်း လွှတ်တော်အမတ်လုပ်ရေးကိုပဲ ဦးထိပ်ထားတော့တာဆိုရင် တစိတ်တပိုင်းနိုင်ငံရေးကို တစ်စုံလုံးနိုင်ငံရေး အထင်ရောက်ပြီး အယူတိမ်းလို့ အမတ်စိမ်းဖြစ်ဖို့ပဲ ရှိပါတယ်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ထားတဲ့ နိုင်ငံရေးပါတီတစ်ရပ်အတွက် ဒီအချိန်မှာ လွှတ်တော်ထဲ ဝင်ရောက်ရေးနဲ့ ရွေးကောက်ပွဲဝင်ရေးဟာ မဖြစ်မနေလုပ်ရမယ့် ဦးစားပေးလုပ်ငန်းဖြစ်တယ်ဆိုတာ မှန်ပါတယ်။ (ရွေးကောက်ပွဲ မဝင်ရင် ပါတီ အဖျက်ခံ၊ ဆက်လက်ရပ်တည်ချင်ရင် တရားမဝင်ရပ်တည်ဖို့ လက်ခံပေးမယ့်အိမ်၊ လက်ခံပေးမယ့်ဒေသ၊ လက်ခံပေးမယ့် အခြေအနေတွေ ရှာရပါလိမ့်မယ်။ မှတ်ပုံတင်နိုင်ငံရေးပါတီတစ်ရပ်ကို ၂၀၁၀ အောက်ကလုပ်တဲ့ ရွေးကောက်ပွဲ မဝင်နဲ့လို့ ပြောချင်ရင် လက်တွေ့ကျရပါလိမ့်မယ်။ ထားပါတော့။)

သတိမပြတ်ဖို့က တစ်စုံလုံးနိုင်ငံရေးကို မမေ့ဖို့နဲ့၊ တစ်စုံလုံးနိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်တွေ အားလျော့မသွားစေဖို့ပါ။

ရွေးကောက်ပွဲဝင်ရေး၊ လွှတ်တော်ထဲဝင်ရေးကို လတ်တလောအချိန်ရဲ့ဦးစားပေးအဖြစ် ဆောင်ရွက်ရင်းဒါဟာ အစိတ်အပိုင်း နိုင်ငံရေးသာဖြစ်တဲ့အကြောင်း ဆွေးနွေးချင်တာပါ။ ။

**တင်အေး (၈၈ မျိုးဆက်၊ ဗကသ)**

၁၉-၇-၂၀၂၀

# လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ် နှင့် ပတ်သက်သည့် အမြင်သဘောထား

## (ဦးအောင်မိုးဇော်၊ ဥက္ကဋ္ဌ – လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ နှင့် CDES အင်တာဗျူးမှ ကောက်နုတ်ချက်များ)

- ဒီမိုကရေစီနဲ့ ဖယ်ဒရယ်အခြေခံမူတွေက ရမှမရသေးတာ။ အခြေခံမူတွေက (၂၁) ပင်လုံမှာ သေချာ မဆွေးနွေးရသေးဘူး။ သေသေချာချာ အနှစ်သာရရှိတဲ့ ပြည်ထောင်စုတစ်ခုကို ဘယ်လိုအခြေခံနဲ့ ဖွဲ့စည်းမယ်ဆိုတဲ့ အခြေခံမူတွေက ခုချိန်ထိ သူတို့ထဲမှာ သေသေချာချာ ဆွေးနွေးရတာမရှိသေးဘူးလို့ နားလည်တယ်။



**“ပထမဆုံးကတော့ ပြည်တွင်းစစ်က ရပ်ဖို့ လိုတယ်။ ဒါမှ ကလေးတွေ သေကျေနေတာ၊ အမျိုးသမီးတွေ သေကျေနေတာ၊ ပြည်သူတွေ ဒုက္ခရောက်နေတာ စတဲ့ တော်တော်ဆိုးဆိုးဝါးဝါး အခြေအနေတွေကို ရှုတ်တရက် သက်သာအောင် လုပ်ဆောင်နိုင်လိမ့်မယ်။”**

- NCA စာချုပ်ပေါ်မှာကိုက အထူးသဖြင့် လက်နက်ကိုင်အင်အားစုတွေနဲ့ တပ်မတော်နဲ့ အစိုးရအကြားမှာ မူလချုပ်ဆိုထားတဲ့ စာသားတွေအပေါ်မှာတောင်မှ တယောက်နဲ့တယောက် နားလည်မှုမတူကြဘူး။ တဘက်နဲ့တဘက် နားလည်မှုမတူကြဘူး။ ဥပမာ အမျိုးသားအဆင့်ဆွေးနွေးပွဲတွေလုပ်ကြတယ်။ ရှမ်းပြည်နယ်မှာဆိုလည်း လာပြီးတော့ တားတာ ဆီးတာတွေ ရှိတယ်။ ဒီလိုပဲ ရခိုင်ပြည်နယ် မှာဆိုရင်လည်း အခုထိ မဖြစ်သေးဘူး။ အမျိုးသားအဆင့်နိုင်ငံရေး

ဆွေးနွေးပွဲတွေကို ဘယ်လိုပုံစံလုပ်ရမယ်ဆိုတဲ့အပေါ် မှာ တောင်မှ တပ်မတော်ဘက်နဲ့ EAOs တွေရဲ့ကြားမှာ နားလည်မှု မတူသေးဘူး ဖြစ်နေတယ်။ အဲဒီတော့ NCA စာချုပ်တခုလုံးနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ်၊ အငြင်းပွားနေတဲ့ကိစ္စတွေနဲ့ ပတ်သက်လို့ပဲဖြစ်ဖြစ် သေသေချာချာ ပြန်ပြီးတော့ ညှိနှိုင်းဖို့၊ ပြန်ပြီး review လုပ်ဖို့ လိုတယ်လို့ ယူဆတယ်။ အခြေခံကတော့ ငြိမ်းချမ်းရေးကို စစ်စစ်မှန်မှန်လိုချင်တဲ့ စိတ် ဆန္ဒပေါ့။ ပထမဆုံး ကတော့ ပြည်တွင်းစစ်က ရပ်ဖို့လိုတယ်။ ဒါမှ ကလေးတွေ သေကျေနေတာ၊ အမျိုးသမီးတွေ သေကျေ နေတာ၊ ပြည်သူတွေ ဒုက္ခရောက်နေတာ စတဲ့ တော်တော်ဆိုးဆိုးဝါးဝါး အခြေအနေ တွေကို ရုတ်တရက် သက်သာအောင် လုပ်ဆောင်နိုင်လိမ့်မယ်။

- တိုင်းပြည်ထဲမှာ စစ်ပြေးရတဲ့၊ စစ်ရှောင်ရတဲ့ ဒုက္ခသည်တွေ တော်တော်များတယ်။ ဒီဒုက္ခသည်တွေနဲ့ပတ်သက် လို့လည်း အကူအညီပေးတာက အကန့်အသတ်တွေ အများကြီးရှိတယ်လို့ကျနော်တို့ကြားရတယ်။ တော်တော်စိတ်မကောင်းစရာဖြစ်တယ်။ အခု ငြိမ်းချမ်းရေးတော့ပြောနေကြတာပဲ။ ဟိုနေ့လုပ်မယ်၊ ဒီနေ့လုပ်မယ်၊ (၂၁) ပင်လုံတောင်မှ နောက်လထဲ လုပ်မလိုလို၊ ဒီလထဲလုပ်မလိုလိုတွေ ကြားနေရတယ်။ လက်တွေ့မြေပြင်မှာတော့ ပြည်သူတွေ၊ ကလေးသူငယ်တွေတကယ်ဒုက္ခရောက်နေတဲ့အခြေအနေ ဖြစ်တယ်လို့ ပြောချင် တယ်။

- အရင်အစိုးရလက်ထက်တုန်းကတော့ နိုင်ငံရေး ပါတီဆိုလို့ရှိရင် နိုင်ငံရေးပါတီအားလုံးကို ဒီ Process ထဲမှာ ပါဖို့အတွက်ကို ဖိတ်ခေါ် ခဲ့တာရှိတယ်။ ကျနော်တို့ဆိုလည်းပဲ တစုံတရာပါခဲ့တယ်။ ပထမအကြိမ်ကဆို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာလည်း ကျနော်တို့ပါခဲ့တယ်။ ဒါပေမဲ့ လက်ရှိအစိုးရတက်လာပြီးတဲ့ အချိန်မှာတော့ အနိုင်ရ နိုင်ငံရေး ပါတီတွေပဲ ဆိုတဲ့ဟာကိုပဲ သူတို့က လက်ခံပြီးတော့ အနိုင်မရတဲ့ နိုင်ငံရေးပါတီတွေက အပြင်က ပြောရဆိုရတဲ့ အခြေအနေမှာပဲ ရှိတယ်။ နောက်တခုက ဒီငြိမ်းချမ်းရေးဖြစ်စဉ်တခုလုံးမှာ လက်နက်ကိုင်အင်အားစုတွေက အဓိကကျတယ်။ EAOs တွေ ရှိမယ်။ တဘက်က လက်နက်ကိုင် တပ်မတော် ရှိမယ်။ ဒီနှစ်ခုက အဓိကလို ဖြစ်တယ်။ တပြိုင်နက်တည်းမှာ အစိုးရ ရှိနေမယ်။ နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍက ဒီနှစ်ခုနဲ့ စာရင်တော့ နည်းနေတယ်လို့၊ နိမ့်နေတယ်လို့ ယူဆတယ်။

- ဒီငြိမ်းချမ်းရေးဖြစ်စဉ်တခုလုံး ချောချောမွေ့မွေ့ ဖြစ်ဖို့ လက်နက်ကိုင်အင်အားစုတွေရဲ့ သဘောထားက အဓိက အကျဆုံးလို့ ထင်တယ်။ အထူးသဖြင့်တော့ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ သဘောထားက အရေးအကြီးဆုံးလို့ထင်တယ်။ အစိုးရကကြားက ဆက်စပ်ပေးတဲ့သဘောဖြစ်နေတယ်။ နှစ်ခုစလုံးက ဒီအတိုင်းပါပဲ။ သို့သော်လည်းပဲ ဦးသိန်းစိန်အစိုးရလက်ထက်တုန်းကတော့ ဦးသိန်းစိန်အစိုးရနဲ့ တပ်နဲ့က ပိုပြီး ပြေလည်မှုရှိပုံရတယ်။ သူတို့ လုပ်ကိုင်ရတာ ဦးသိန်းစိန်လက်ထက်က ပိုပြီး ချောမွေ့ ဟန်ရှိတယ်။ ဒီအခြေအနေမှာတော့ လက်ရှိအစိုးရနဲ့ အဓိက ကျတဲ့ တပ်မတော်ရဲ့ကြားမှာ ဘယ်လောက်အထိ ညှိညှိနှိုင်းနှိုင်း ပြေပြေလည်လည်ရှိသလဲဆိုတာ ပြောဖို့ဆိုဖို့ တော်တော် ခက်တယ်။

- တပ်က သူတို့ကိုင်စွဲထားတဲ့ အခြေခံမူခြောက်ချက်ကို သေချာပြန်စဉ်းစားဖို့လိုတယ်။ အဲဒီကိစ္စက ဒီငြိမ်းချမ်းရေး ဖြစ်စဉ် ရှေ့ရောက်ဖို့အတွက်ကို တော်တော်လေးကို အဖုအထစ်လည်းဖြစ်တယ်လို့ ယူဆတယ်။

- ကျနော်တို့ တိုင်းပြည်မှာ အခု စစ်တွေရပ်သွားဖို့ လိုအပ်တယ်။ အဓိက ငြိမ်းချမ်းရေး လျင်လျင်မြန်မြန်ရဖို့ လိုအပ်တယ်။ ဒါ ကျနော်တို့တိုင်းပြည် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့လည်း တဆက်တစပ်တည်း ဖြစ်တယ်။ အဲဒါကို ရည်မှန်းဖို့ ဆိုလို့ရှိရင် NCA တခုတည်းပေါ် မှာပဲ အသေဆုပ်ကိုင်ထားလို့မရဘူး။ NCA ပြန်ပြီးတော့ ဆွေးနွေးဖို့ လိုအပ်တယ်လို့ အပစ်အခတ်ရပ်စဲထားတဲ့ အင်အားစုတွေ ကိုယ်တိုင်က ပြောဆိုနေတာရှိတယ်။ ကေအိုင်အေလို အဖွဲ့အစည်းမျိုးဆိုရင် ဒီအတိုင်းပဲ၊ NCA အပြင်ကနေပြီးတော့ စကားပြောချင်တဲ့ အင်အားစုတွေလည်းရှိတယ်။ ငြိမ်းချမ်းရေးအတွက်၊ တတိုင်းပြည်လုံးအပစ်အခတ်ရပ်ဖို့အတွက်၊ ပြည်တွင်းစစ် ရပ်ဖို့အတွက်ကို သေသေချာချာ အာရုံထားရမယ်ဆိုလို့ရှိရင် အားလုံးကို လမ်းဖွင့်ထားသင့်တယ်လို့ ကျနော် မြင်တယ်။ NCAနဲ့ပတ်သက်လို့လည်း လက်ရှိအင်အားစုတွေနဲ့ ဆက်ပြီးတော့ ဆွေးနွေးဖို့ လိုအပ်တယ်။ အကယ်၍ NCA စာချုပ်နဲ့ ပတ်သက်လို့ သဘောတူညီမှုတွေကို ပြန်လည်ပြီးတော့ သုံးသပ်ကြမယ်။ ပြန်ပြီး ဆွေးနွေးကြမယ်ဆိုလို့ရှိရင် ကေအိုင်အေလို အဖွဲ့အစည်းမျိုးလည်း ပါလာနိုင်တယ်။ တပြိုင်နက်တည်းမှာပဲ NCA ပြင်ပကနေပြီးတော့ စကားပြောချင်တယ်ဆိုတဲ့ အင်အားစုနဲ့လည်း စကားပြောဖို့ လိုအပ်တယ်။ အားလုံးစုံတဲ့ တနေ့မှာတော့ ဒီ NCA ဆိုတဲ့ လမ်းကြောင်းပေါ် ကို ပြန်ရောက်မှာပဲလို့ ကျနော်တို့ ယူဆတယ်။ လက်မှတ်ထိုး မှ စကားပြောမယ်တို့၊ အရင်လာပါတို့ စသဖြင့် ကြိုတင် သတ် မှတ်ချက်တွေကို ဖယ်ရှားသင့်တယ်လို့ မြင်တယ်။ လက်ရှိ ကေအဲန်ယူ အပါအဝင် အားလုံးပေါင်းဆယ်ဖွဲ့ပေါ့နော်။ NCA ဘောင်အတွင်းကလူတွေနဲ့လည်း ပြေပြေလည်လည် ဖြစ်အောင် ဆွေးနွေးဖို့လိုတယ်။ NCA ကို သုံးသပ်ချင်တယ်ဆိုတဲ့သူတွေနဲ့ ပတ်သက်လို့၊ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ညှိနှိုင်းချင်တယ်ဆိုတဲ့ အင်အားစုတွေနဲ့

ပတ်သက်လို့လည်း သေချာပြန်ပြီးတော့ ညှိနှိုင်းသင့်တယ်လို့ ထင်တယ်။ အဲဒါဆို ပိုပြီးတော့ ဒီထဲမှာ ပါတဲ့အဖွဲ့အစည်းပိုများလာလိမ့်မယ်။ တပြိုင်နက်တည်းမှာ ဝသဖ လို အဖွဲ့အစည်းမျိုးတွေ၊ AA တို့လို အဖွဲ့အစည်းမျိုးတွေ၊ ပလောင်တို့လို အဖွဲ့အစည်းမျိုးတွေနဲ့လည်း စကားပြောမှု ဆက်လုပ်သင့်တယ်လို့ ထင်တယ်။ အဓိက ပြည်တွင်းစစ်ရပ်ဖို့ ဖြစ်တယ်။ အဓိကက ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် ကို မြန်မြန်ဆန်ဆန် တက်နိုင်ဖို့ဖြစ်တယ်။

-ငြိမ်းချမ်းရေးဖြစ်စဉ်နဲ့ ပတ်သက်လို့ ရွေးကောက်ပွဲအလွန်မှာ ဘယ်လိုမျှော်လင့်ချက်ထားလဲ ဆိုတာနဲ့ ပတ်သက်လို့ ဘာဆက်ဖြစ်မလဲဆိုတာကတော့ နည်းနည်း ခန့်မှန်းရခက်တယ်။ ဒီနှစ်က လက်တွေ့ကျတော့ ရွေးကောက်ပွဲနှစ်ဖြစ်နေတယ်လေ။ ရွေးကောက်ပွဲလုပ်ခါနီးတဲ့ အခြေအနေဆိုတော့ အာဏာရပါတီတို့၊ အစိုးရတို့ကလည်း ဒီထဲကိုပဲ အာရုံစိုက်ဖို့ကများနေတယ်။ လောလောဆယ်ကတော့ ငြိမ်းချမ်းရေးကိစ္စကို အာရုံစိုက်နိုင်ချင်မှ စိုက်နိုင်မယ်။ အဲဒီအခြေအနေတော့ ရှိတယ်။

-ဖွဲ့စည်းပုံအခြေခံဥပဒေပြင်တယ်ဆိုတာ ဒီမိုကရေစီအနှစ်သာရနဲ့ ညီအောင်၊ ဖယ်ဒရယ်အနှစ်သာရနဲ့ ညီအောင်ပြင်တာတော့ ကောင်းပါတယ်။ သို့သော်လည်း ဘယ်လောက်ပဲ ပြင်ချင်တဲ့ စိတ်ရှိရှိ ကနေ့တပ်မတော်နဲ့ အစိုးရနဲ့ကြားမှာ သေသေချာချာ ညှိနှိုင်းထားတာ၊ နားလည်မှုရထားတာ မရှိဘူးဆိုရင် ပြင်ဖို့ဆင်ဖို့ ခက်လိမ့်မယ်။ ဘာကြောင့်လဲဆို (၇၅) အပေါင်း (၁) က ခံနေတယ်။ အဓိကကတော့ ဒီဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရေးဆိုတဲ့ကိစ္စက နိုင်ငံရေးပြဿနာ ဖြစ်တယ်။ အဲဒီ နိုင်ငံရေးပြဿနာကို ဘယ်လိုဖြေရှင်းမလဲဆိုတာကို သက်ဆိုင်တဲ့ပုဂ္ဂိုလ်တွေကြားမှာ သေသေချာချာ ကျေကျေလည်လည် ညှိနှိုင်းမထားဘူး၊ သဘောတူညီမှု မရဘူးဆိုရင် (၇၅) အပေါင်း (၁) ကို လွှတ်တော်ထဲမှာရဖို့ တော်တော်ခက်တယ်။ အဲဒါဆိုလို့ရှိရင် ပြင်ဆင်ရေးလမ်းကြောင်းက ဘယ်လိုမှ ရှေ့ရောက်မှာ မဟုတ်တော့ဘူး။

- အဓိကကတော့ သက်ဆိုင်တဲ့ခေါင်းဆောင်တွေမှာ နိုင်ငံရေးစိတ်ဆန္ဒ ပြင်းပြင်းထန်ထန်ရှိဖို့လိုတယ်။ အထူးသဖြင့်တော့ ဒီတိုင်းပြည်ကို ကနေ့ဦးဆောင်နေတဲ့ ပုဂ္ဂိုလ်တွေ တပ်မတော်ကိုဦးဆောင်နေတဲ့ပုဂ္ဂိုလ်တွေအခရာအကျဆုံးပဲလို့ ပြောချင်တယ်။ သူတို့ ပြောင်းချင်တဲ့စိတ် ရှိလို့ရှိရင် ပြောင်းဖို့ကမြန်နိုင်တယ်။ လွယ်နိုင်တယ်။

- DDR-SSR ဆိုတာထက် ကျနော်တို့ တိုင်းပြည်ရဲ့ ပြဿနာက ကျနော်တို့တိုင်းပြည်ရဲ့ security sector လုံခြုံရေးကဏ္ဍကြီးဟာ ပြုပြင်ပြောင်းလဲဖို့ကို လိုအပ်တယ်။ အဲဒီတော့ ဘယ်လိုပြုပြင်မလဲ။ တိုင်းပြည်ရဲ့ လုံခြုံရေးကဏ္ဍကိစ္စတွေကို security sector ကို ဘယ်လိုပြုပြင်ပြောင်းလဲမလဲဆိုတဲ့ သဘောတူညီ မှုမရှိဘဲနဲ့ DDR ခေါ် တဲ့ လက်နက်ဖျက်သိမ်းရေးတို့ဘာတို့က သွားလို့မရနိုင်ဘူးလို့ ထင်တယ်။ အဲဒီတော့ (၁) အချက်က တိုင်းပြည်ရဲ့နိုင်ငံရေးပြဿနာပြေလည်ဖို့လိုတယ်။ တိုင်းပြည်ရဲ့နိုင်ငံရေးပြဿနာပြေလည်ဖို့ဆိုတာ ဒီတိုင်းပြည်ကို တကယ် ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်မယ်ဆိုတဲ့ အခြေခံသဘောတူညီမှု၊ အင်အားစုတစုချင်းကြားမှာ အရင်ရဖို့လိုတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အဲဒီ့သဘောတူညီမှုနဲ့အတူ ပြုပြင်ပြောင်းလဲဖို့လိုလိမ့်မယ်။ အဲဒါတွေ သဘောတူမှ DDR ဆိုတာ အဆင်ပြေလိမ့်မယ်လို့ ကျနော်တော့ နားလည်တယ်။ အဲလိုမဟုတ်ဘူးဆိုရင် ဟိုအပေါ် ကဟာတွေ ဘာမှလည်း သဘောမတူဘူး။ ဒါပဲ လုပ်ခိုင်းလို့ရှိရင် အပစ်တောင်ရပ်နိုင်မှာ မဟုတ်ဘူးလို့ မြင်ပါတယ်။

- ကျနော်တို့ပြည်သူအများစုကြီးက တော်တော့်ကို ဆင်းရဲမွဲတေနေပြီ။ အဲဒီ့ဒဏ်ကို တော်တော်ခံနေရ တယ်။ ဆင်းရဲမွဲတေမှုဒဏ်၊ လုံခြုံမှုကင်းမဲ့တဲ့ဒဏ်၊ အဓိကကတော့ စစ်ဖြစ်နေတဲ့ဒေသတွေမှာ ဆိုလို့ရှိရင် နေ့စဉ်နဲ့အမျှ အသက်အန္တရာယ်ပါ ခြိမ်းခြောက်နိုင်တဲ့ အနေအထားတွေ ဖြစ်နေကြပြီ။ ကျနော်တို့တိုင်းပြည်မှာရှိတဲ့ နိုင်ငံရေးခေါင်းဆောင်တွေပဲ ဖြစ်ဖြစ်၊ ကျနော်တို့တိုင်းပြည်မှာရှိတဲ့ စစ်ရေးခေါင်း ဆောင်တွေပဲဖြစ်ဖြစ်၊ ကိုယ့်ပြည်သူလူထုရဲ့ အခြေအနေမှန်ကို သေသေချာချာ တည့်တည့်ကြည့်ကြပါလို့ ကျနော်အနေနဲ့ ပြောချင်တယ်။

(CDES မှ ထုတ်ဝေသည့် ငြိမ်းချမ်းရေးစာစောင် အမှတ်(၂) တွင် ဖော်ပြထားသည့် အင်တာဗျူးမှ ကောက်နုတ်ဖော်ပြသည်။)

**<u>အခြေခံနိုင်ငံရေးအယူအဆ နှင့် တန်ဖိုးထားမှုများ</u>**

**လွတ်လပ်မှု၊**

**တန်းတူမှု၊**

**သွေးစည်းညီညွတ်မှု နှင့် ဒီမိုကရေစီ**

# အလုပ်သမား၊ လယ်သမားသမဂ္ဂများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၂၀၂၀ ရွေးကောက်ပွဲဆိုင်ရာ ဦးဆောင်ကော်မတီဝင်များ နှင့် တွေ့ဆုံဆွေးနွေး







**ရန်ကုန်၊ ၂၀ - ဇူလိုင် -၂၀၂၀**

အလုပ်သမား၊ လယ်သမားသမဂ္ဂများနှင့် အရပ်ဘက်အဖွဲ့အစည်းများ၏ ၂၀၂၀ ရွေးကောက်ပွဲဆိုင်ရာ ဦးဆောင်ကော်မတီဝင်များသည် ဇူလိုင်လ ၂၀ ရက်နေ့ ညနေပိုင်းတွင် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ ဌာနချုပ်ရုံးသို့ လာရောက်၍ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့် တွေ့ဆုံခဲ့ကြပါသည်။ ထိုသို့ တွေ့ဆုံရာတွင် ဦးဆောင်ကော်မတီဝင်များက ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လက်ရှိ နိုင်ငံရေးအခင်းအကျင်းအောက်တွင် အလုပ်သမားလယ်သမားများ၏ အကျိုးစီးပွားအတွက် တရားဝင် တင်ပြဆွေးနွေးဖြေရှင်းဆောင်ရွက်ခွင့်များ လမ်းစပျောက်လျက်ရှိပြီး အလုပ်သမား လယ်သမားများ၏ အခွင့်အရေးများ နစ်နာဆုံးရှုံးလျက်ရှိကြောင်း၊ ထို့ကြောင့် လာမည့်ရွေးကောက်ပွဲတွင် အလုပ်သမား၊ လယ်သမားသမဂ္ဂများနှင့် အရပ်ဘက်အဖွဲ့အစည်းများအား ကိုယ်စားပြုသည့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြသည်။ ထို့နောက် နှစ်ဘက် အပြန်အလှန် ပူးပေါင်း ဆောင်ရွက်နိုင်မည့်ကိစ္စများကိုလည်း ဆွေးနွေးညှိနှိုင်းခဲ့ကြပြီး ပူးတွဲကြေညာချက်တစ်စောင်ကိုလည်း ထုတ်ပြန်ခဲ့ပါသည်။